ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၃၅၀ ) ရက်စွဲ။၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးလှဦး၊ ဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | Good Brothers' Co., Ltd၊ အမှတ် (၂၂)၊ ဘုရင့်နောင်လမ်း၊ သီရိရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉- ၇၈၅ ၁၄၄ ၀၈၆ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းစီမံကိန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | စီမံကိန်းဧရိယာ (၉.၂၆) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ကွင်းအမှတ် (၁၆၄၂-ခ)၊ အကွက်အမှတ်( ၅၂၊ ၅၃၊ ၅၄/၁၊ ၅၅)၊ ကံလှတောင်ကွင်း၊ ဒဟတ်ကန် ကျေးရွာအုပ်စု၊ မကွေးမြို့နယ်၊ မကွေးခရိုင်၊ မကွေးတိုင်းဒေသကြီး |
| (ဆ) | ECC **သက်တမ်း (၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၁၁-၉-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁၀-၉-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၅-၇-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ EIA / အတည်ပြု (၂၈၀၆/ ၂၀၂၅) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)"** |



ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Good Brothers' Co., Ltd မှ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းစီမံကိန်းအကြောင်းအရာ**

၁။ Good Brothers' Co., Ltd မှ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ဒဟာတ်ကန်ကျေးရွာအုပ်စု၊ ကံလှတောင်ကွင်း၊ ကွင်းအမှတ် (၁၆၄၂-ခ)၊ အကွက်အမှတ်( ၅၂၊ ၅၃၊ ၅၄/၁၊ ၅၅)၊ မြေဧရိယာ(၉.၂၆) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ ၎င်းစီမံကိန်းလုပ်ငန်းအတွက် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၅-၇-၂၀၂၅ ရက်စွဲပါစာအမှတ်၊ EIA / အတည်ပြု (၂၈၀၆/ ၂၀၂၅) ဖြင့် တင်ပြလာသည့် အတည်ပြု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အား စိစစ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးလှဦး၊ ဒါရိုက်တာ၊ အမှတ် (၂၂)၊ ဘုရင့်နောင်လမ်း၊ သီရိရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၇၈၅ ၁၄၄ ၀၈၆ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်း၏ ပဲမျိုးစုံ၊ ဆီထွက်သီးနှံသန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် (၁) ပဲမျိုးစုံသန့်စင်စက်ရုံ (450' × 156' ) (၁)လုံး၊ (၂) ဆီစက် (100'× 60' ) (၁) လုံး၊ (၃) မြေပဲအခွံချွတ်စက် (200' × 80') (၁)လုံး၊ (၄)ကုန်လှောင်ရုံ (100' × 50') (၁)လုံး၊ (၅) ဝန်ထမ်းဆောင် (၁) လုံး ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြေပဲဆီထုတ်လုပ်ရာတွင် ကုန်ကြမ်း ဝယ်ယူသိုလှောင်ခြင်း၊ အခွံချွတ်ခြင်း၊ ဇကာချသန့်စင်ခြင်း၊ ခဲနှင့် အမှိုက်သရိုက်များဖယ်ရှားခြင်း၊ ကြိတ်ခွဲခြင်း၊ ပေါင်းခံခြင်း၊ ဆီကြိတ်ခြင်း၊ ဇကာစစ်သန့်စင်ခြင်း၊ ထုတ်ပိုးခြင်းနှင့် သိုလှောင်ခြင်းတို့ပါဝင်ကြောင်း၊ နှမ်းဆီနှင့် နေကြာဆီထုတ်လုပ်ရာတွင် ကုန်ကြမ်းဝယ်ယူ သိုလှောင်ခြင်း၊ ရေဆေးသန့်စင်ခြင်း၊ အပူပေးလှော်ခြင်း၊ ဆီကြိတ်ခြင်း၊ ဇကာစစ်သန့်စင်ခြင်း၊ ထုတ်ပိုးခြင်းနှင့် သိုလှောင်ခြင်း တို့ပါဝင်ကြောင်း၊ ပဲအမျိုးမျိုးအားသန့်စင်၍ တင်ပို့ရောင်းချခြင်းတွင် ကုန်ကြမ်း ဝယ်ယူသိုလှောင်ခြင်း၊ ကနဦးသန့်စင်ခြင်း၊ ကနဦးအရွယ်အစားခွဲခြင်း၊ ခဲနှင့်အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ အရောင်ခွဲခြင်း၊ အပြီးသတ်အရွယ်အစားခွဲခြင်း၊ အပြီးသတ်သန့်စင်ခြင်း၊ ထုတ်ပိုးခြင်းနှင့် သိုလှောင်ခြင်းတို့ပါဝင်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းတွင် စားသုံးဆီထုတ်လုပ်ခြင်းနှင့် ပဲအမျိုးမျိုးအား သန့်စင်၍ တင်ပို့ရောင်းချခြင်းဟု အပိုင်း(၂)ပိုင်းပါဝင်ပြီး စားသုံးဆီထုတ်လုပ်ခြင်းအတွက် ကုန်ကြမ်း

(၃) မျိုးမှာ မြေပဲနှင့်နှမ်းတို့ကို အဓိကအသုံးပြုမည်ဖြစ်ပြီး နေကြာအနည်းငယ် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ပဲအမျိုးမျိုးအားသန့်စင်ခြင်းအတွက်ကုန်ကြမ်း (၅)မျိုးမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲစိမ်းငုံနှင့် ထောပတ်ပဲများကို အဓိကအသုံးပြုမည်ဖြစ်ကြောင်း၊ စီမံကိန်း၏ထုတ်ကုန်များမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် သန့်စင်ပြီးပဲအမျိုးမျိုးတို့အား ပြည်တွင်း/ ပြည်ပသို့တင်ပို့ရောင်းချမည်ဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့ရာတွင် ရုရှား၊ တရုတ်၊ ဥရောပ၊ အာဖရိက၊ ဖိလစ်ပိုင်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အနယ်နယ်အရပ်ရပ်သို့ ဖြန့်ဖြူး ရောင်းချမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ဒဟတ်ကန်ကျေးရွာအုပ်စု၊ ကံလှတောင်ကွင်း၊ ကွင်းအမှတ် (၁၆၄၂-ခ)၊ အကွက်အမှတ်( ၅၂၊ ၅၃၊ ၅၄/၁၊ ၅၅)၊ မြေဧရိယာ (၉.၂၆) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ပါသည်။

၆။ **ကုန်ကြမ်းလိုအပ်ချက်။** အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကုန်ကြမ်း | ပမာဏ (မက်ထရစ်တန်/ နှစ်) | မှတ်ချက် |
|---|---|---|---|
| ၁။ | မြေပဲ | ၁၇၂၆ | ဆီထုတ်လုပ်ခြင်း |
| ၂။ | နှမ်း | ၁၀၀၈ | ဆီထုတ်လုပ်ခြင်း |
| ၃။ | နေကြာ | ၈၇၁ | ဆီထုတ်လုပ်ခြင်း |
| ၄။ | Black Matpe | ၃၀၀၀ | ပဲ သန့်စင်ခြင်း |
| ၅။ | Green Mung | ၄၀၀၀ | ပဲ သန့်စင်ခြင်း |
| ၆။ | Chickpea | ၆၀၀၀ | ပဲ သန့်စင်ခြင်း |
| ၇။ | Pigeon pea | ၆၀၀၀ | ပဲ သန့်စင်ခြင်း |
| ၈။ | Butter pea | ၅၀၀၀ | ပဲ သန့်စင်ခြင်း |


၇။ **ကုန်ချောထွက်ရှိမှု။** တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကုန်စော | အတန်းအစား | ကုန်ကြမ်းအသုံးပြုမှု (မက်ထရစ်တန်/ နှစ်) | ကုန်ချောထွက်ရှိမှု (မက်ထရစ်တန်/ နှစ်) | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | မြေပဲဆီ | | ၁၇၂၆ | ၁၅၀ | Export |
| | | | | ၅၇၅ | Local |
| | | | ပေါင်း | ၇၂၅ | |
| ၂။ | နှမ်းဆီ | | ၁၀၀၈ | ၂၀၀ | Export |
| | | | | ၂၂၃ | Local |
| | | | ပေါင်း | ၄၂၃ | |
| ၃။ | နေကြာဆီ | | ၈၇၁ | ၁၂၀ | Export |
| | | | | ၂၈၀ | Local |
| | | | ပေါင်း | ၄၀၀ | |
| ၄။ | မတ်ပဲ | Special Quality (SQ) | ၃၀၀၀ | ၁၂၀၀ | Export |
| | (Black Matpe) | Fair Average Quality (FAQ) | | ၁၇၄၂ | Export |
| | | Mixed Broken | | ၅၀ | Local |
| | | Reject | | ၁ | Local |
| | | Reject | | ၁ | Local |
| | | Losses | | ၇ | Local |
| | | | ပေါင်း | ၃၀၀၀ | |
| ၅။ | ပဲတီစိမ်း | Special Quality (SQ) | ၄၀၀၀ | ၁၄၅၄ | Export |
| | (Green Mung) | Fair Average Quality (FAQ) | | ၂၄၆၉ | Export |
| | | Mixed Broken | | ၆၆ | Local |
| | | Reject | | ၁ | Local |
| | | Losses | | ၁၀ | Local |
| | | | ပေါင်း | ၄၀၀၀ | |
| ၆။ | ကုလားပဲ | Special Quality (SQ) | ၆၀၀၀ | ၂၁၈၂ | Export |
| | (Chickpea) | Fair Average Quality (FAQ) | | ၃၇၀၃ | Export |
| | | Mixed Broken | | ၁၀၀ | Local |
| | | Reject | | ၂ | Local |
| | | Losses | | ၁၃ | Local |
| | | | ပေါင်း | ၆၀၀၀ | |


| | | | | | |
|---|---|---|---|---|---|
| ၇။ | ပဲစင်းငုံ (Pigeon pea) | Special Quality (SQ) | ၆၀၀၀ | ၂၁၈၂ | Export |
| | | Fair Average Quality (FAQ) | | ၃၇၀၃ | Export |
| | | Mixed Broken | | ၁၀၀ | Local |
| | | Reject | | ၂ | Local |
| | | Losses | | ၁၃ | Local |
| | | | ပေါင်း | ၆၀၀၀ | |
| ၈။ | Butter ပဲ (Butter pea) | Special Quality (SQ) | ၅၀၀၀ | ၁၈၁၈ | Export |
| | | Fair Average Quality (FAQ) | | ၃၀၈၆ | Export |
| | | Mixed Broken | | ၈၃ | Local |
| | | Reject | | ၂ | Local |
| | | Losses | | ၁၁ | Local |
| | | | ပေါင်း | ၅၀၀၀ | |


Good Brothers' Co., Ltd မှ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ဒဟတ်ကန်ကျေးရွာအုပ်စု၊ ကံလှတောင်ကွင်း၊ ကွင်းအမှတ် (၁၆၄၂-ခ)၊ အကွက်အမှတ်( ၅၂၊ ၅၃၊ ၅၄/၁၊ ၅၅)၊ မြေဧရိယာ (၉.၂၆) ဧကရှိ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းစီမံကိန်း၏ တည်နေရာပြမြေပုံ







### Good Brothers' Co., Ltd မှ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ဒဟတ်ကန် ကျေးရွာအုပ်စု၊ ကံလှတောင်ကွင်း၊ ကွင်းအမှတ် (၁၆၄၂-ခ)၊ အကွက်အမှတ်( ၅၂၊ ၅၃၊ ၅၄/၁၊ ၅၅)၊ မြေဧရိယာ (၉.၂၆) ဧက၌ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်




**Good Brothers' Co., Ltd မှ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ဒဟတ်ကန် ကျေးရွာအုပ်စု၊ ကံလှတောင်ကွင်း၊ ကွင်းအမှတ် (၁၆၄၂-ခ)၊ အကွက်အမှတ်( ၅၂၊ ၅၃၊ ၅၄/၁၊ ၅၅)၊ မြေဧရိယာ (၉.၂၆) ဧက၌ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်**



**Good Brothers' Co., Ltd မှ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ဒဟတ်ကန် ကျေးရွာအုပ်စု၊ ကံလှတောင်ကွင်း၊ ကွင်းအမှတ် (၁၆၄၂-ခ)၊ အကွက်အမှတ်( ၅၂၊ ၅၃၊ ၅၄/၁၊ ၅၅)၊ မြေဧရိယာ (၉.၂၆) ဧက၌ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းစီမံကိန်း၏ Layout Plan**



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ Good Brothers' Co., Ltd မှ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ဒဟတ်ကန်ကျေးရွာအုပ်စု၊ ကံလှတောင်ကွင်း၊ ကွင်းအမှတ် (၁၆၄၂-ခ)၊ အကွက်အမှတ်( ၅၂၊ ၅၃၊ ၅၄/၁၊ ၅၅)၊ မြေဧရိယာ (၉.၂၆) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ငှင်းစီမံကိန်းလုပ်ငန်းအတွက် မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၅-၇-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ EIA / အတည်ပြု (၂၈၀၆/ ၂၀၂၅) ဖြင့် တင်ပြလာသည့် အတည်ပြုပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** စီမံကိန်း၏ ပဲမျိုးစုံ၊ ဆီထွက် သီးနှံသန့်စင်ကြိတ်ခွဲ ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် (၁) ပဲမျိုးစုံသန့်စင်စက်ရုံ (450' × 156' ) (၁)လုံး၊ (၂) ဆီစက် (100'× 60' ) (၁) လုံး၊ (၃) မြေပဲအခွံချွတ်စက် (200' × 80') (၁)လုံး၊ (၄)ကုန်လှောင်ရုံ (100' × 50') (၁)လုံး၊ (၅) ဝန်ထမ်းဆောင် (၁) လုံး ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြေပဲဆီထုတ်လုပ်ရာတွင် ကုန်ကြမ်း ဝယ်ယူသိုလှောင်ခြင်း၊ အခွံချွတ်ခြင်း၊ ဇကာချသန့်စင်ခြင်း၊ ခဲနှင့် အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ကြိတ်ခွဲခြင်း၊ ပေါင်းခံခြင်း၊ ဆီကြိတ်ခြင်း၊ ဇကာစစ်သန့်စင်ခြင်း၊ ထုတ်ပိုးခြင်းနှင့် သိုလှောင်ခြင်းတို့ပါဝင်ကြောင်း၊ နှမ်းဆီနှင့် နေကြာဆီထုတ်လုပ်ရာတွင် ကုန်ကြမ်းဝယ်ယူသိုလှောင်ခြင်း၊ ရေဆေးသန့်စင်ခြင်း၊ အပူပေးလှော်ခြင်း၊ ဆီကြိတ်ခြင်း၊ ဇကာစစ်သန့်စင်ခြင်း၊ ထုတ်ပိုးခြင်းနှင့် သိုလှောင်ခြင်း တို့ပါဝင်ကြောင်း၊ ပဲအမျိုးမျိုးအားသန့်စင်၍ တင်ပို့ရောင်းချခြင်းတွင် ကုန်ကြမ်းဝယ်ယူသိုလှောင်ခြင်း၊ ကနဦးသန့်စင်ခြင်း၊ ကနဦးအရွယ်အစားခွဲခြင်း၊ ခဲနှင့် အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊

အရောင်ခွဲခြင်း၊ အပြီးသတ်အရွယ်အစားခွဲခြင်း၊ အပြီးသတ်သန့်စင်ခြင်း၊ ထုတ်ပိုးခြင်းနှင့် သိုလှောင်ခြင်းတို့ပါဝင်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်ရေးကာလတွင်မြေအောက်ရေ လျှော့နည်းမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေအောက်ရေဖြည့်တင်းရေးအစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(၂) မြေအောက်ရေသုံးစွဲမှုနည်းစေရေး စက်ရုံအတွင်း ရေကိုတတ်နိုင်သမျှ ချွေတာသုံးစွဲရန်၊

(၃) လုပ်ငန်းခွင်အတွင်းရေသုံးစွဲမှုနည်းသော စက်ပစ္စည်းနှင့် နည်းပညာအသုံးပြုရန်၊

(၄) စက်ရုံဝန်းအတွင်း မြေအောက်ရေဖြည့်တင်းရေးအစီအမံများ (ဥပမာ- မိုးရေများ မြေအောက်လွှာအတွင်း အလွယ်တကူစိမ့်ဝင်နိုင်ရန် စက်ရုံဝန်းအတွင်း ကွန်ကရစ် အစား ရေစိမ့်ဝင်နိုင်သော ကွန်ကရစ်ဘလောက်တုံးများခင်းခြင်း၊ မြက်ခင်းနှင့် ပန်းဥယျာဉ်များဖန်တီးခြင်း) တို့ကို ဆောင်ရွက်ရန်၊

(၅) အိမ်သုံးစွန့်ပစ်ရေကို ရေမြောင်းအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ သောက်သုံးရန်မဟုတ်သည့် အခြားသောနေရာများ (ဥပမာ၊ သစ်ပင်ရေလောင်းခြင်း၊ စက်ရုံဝန်းအတွင်းရေဖျန်းခြင်း စသည်ဖြင့်) တို့တွင် ပြန်လည်အသုံးပြုခြင်းဖြင့် မြေအောက်ရေအသုံးပြုမှုကို လျှော့ချရန်၊

(၆) မြေအောက်ရေတစ်ခုတည်းအပေါ် မှီခိုအသုံးပြုခြင်းအစား အခြားရနိုင်သော ရေအရင်း အမြစ်ကိုလည်း မျှဝေအသုံးပြုရန်၊

(၇) မြေအောက်ရေသုံးစွဲမှုနည်းစေရေး စက်ရုံအတွင်းရေကို တတ်နိုင်သမျှ ချွေတာသုံးစွဲ ရန်၊

(၈) ဒေသခံများအတွက် နွေရာသီ မြေအောက်ရေဆုံးရှုံးမှုကြောင့် ရေရှားပါးမှုပြဿနာဖြစ်ပွားပါက လိုအပ်သောသုံးရေကို စီမံကိန်း၏အစီအစဉ်ဖြင့် ပံ့ပိုးပေးရန်၊

(၉) ထုတ်ယူလိုက်သည့် မြေအောက်ရေများအား ထိရောက်အကျိုးရှိစွာအသုံးပြုရန်၊

(၁၀) မြေအောက်ရေစုပ်တင်ရာတွင် စက်သုံးဆီအသုံးပြုသည့် ရေစုပ်စက်များအစား အခြား စွမ်းအင်သုံးစွဲမှုနည်းသော အရင်းအမြစ်ကိုထည့်သွင်းစဉ်းစားပြီး အသုံးပြုရန်၊

(၁၁) စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရေး မြေအောက်ရေစုပ်တင်ရာ၌ Solar system အသုံးပြုသည့် ရေတင်ခြင်းစနစ်ကို ပြောင်းလဲအသုံးပြုရန်။

(ဃ) **လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်ရေးကာလတွင် လေထုအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အခိုးအငွေ့ထွက်ရှိမှုလျော့နည်းစေသော နည်းပညာများတပ်ဆင်ထားသည့် Back-up Generator များအသုံးပြုရန်၊

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ကုန်ကျစရိတ်သက်သာရန်လိုအပ်မှသာ Back-up Generator များကိုအသုံးပြုရန်နှင့် မလွဲသာ၍ အသုံးပြုရပါက အသုံးပြုချိန်အား လျှော့ချရန်၊

(၃) အခိုးအငွေ့ထွက်ရှိမှုကို ထိန်းချုပ်နိုင်သောစနစ်များဖြစ်သည့် Catalytic converters သို့မဟုတ် Diesel particulate filters များအား တပ်ဆင်အသုံးပြုရန်၊

(၄) အခိုးအငွေ့ထွက်ရှိမှုကို လျော့နည်းစေရန် သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် လုပ်ငန်းခွင်သုံး ယန္တရားများကို စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရန်၊ ယာဉ်အိုယာဉ်ဟောင်းများ အသုံးမပြုရန်နှင့် အရည်အသွေးပြည့်ဝသော လောင်စာဆီများကိုသာ အသုံးပြုရန်၊

(၅) ဖုန်နှင့်အမှုန်အမွှားများထွက်ရှိမှု လျှော့ချနိုင်ရေး ကုန်ကြမ်းနှင့် ကုန်ချောများ တင်/ ချ သည့် အချိန်တွင် စက်ရုံဝန်းအား ရေဖျန်းရန်၊

(၆) စက်ရုံတွင်အသုံးပြုသည့် စက်ပစ္စည်းကိရိယာများအား ကြံ့ခိုင်ရေးပုံမှန်စစ်ဆေးရန်၊

(၇) စက်ရုံဝန်းအတွင်းနှင့် ခြံစည်းရိုးတွင် သစ်ပင်များအား လေကာတန်းအဖြစ်စိုက်ပျိုးရန်၊

(၈) စက်ရုံအတွင်း လေဝင်လေထွက်ကောင်းစေရေးတပ်ဆင်ထားသည့် Exhaust Fan များ၏ ကြံ့ခိုင်ရေးကို ပုံမှန်စစ်ဆေးပြုပြင်ခြင်းနှင့် လုပ်သားများအတွက် လုံလောက်သည့် လေပန်ကာများထားရှိရန်၊

(၉) ဝန်းကျင်လေထုအတွင်း ထုတ်လွှတ်မှုနှင့်စပ်လျဉ်း၍ NEQEG ပါ သတ်မှတ်စံနှုန်း အတွင်း ရှိစေရေး အလေးထားလိုက်နာဆောင်ရွက်ရန်။

(င) **လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်ရေးကာလတွင် အသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံနှင့်တုန်ခါမှုထွက်ရှိမှုနည်းသည့် မီးစက်များကိုသာ ရွေးချယ်ဝယ်ယူ အသုံးပြုရန်၊

(၂) မလိုလားအပ်သော ဆူညံသံမထွက်စေရေးအတွက် ကောင်းမွန်စွာလည်ပတ်စေရေး မော်တော်ယာဉ်များအား ပုံမှန် Maintenance ပြုလုပ်ရန်၊

(၃) Backup Generator Room အတွင်း အလုပ်လုပ်ရသောဝန်ထမ်းများအား လိုအပ်သည့် ကာကွယ်ရေးပစ္စည်းများထောက်ပံ့ပေးရန်၊

(၄) မီးစက်များမှ အသံဆူညံမှုနှင့် တုန်ခါမှုနည်းပါးစေရေး သီးခြားအသံလုံအခန်းအတွင်း ထည့်သွင်းအသုံးပြုရန်၊

(၅) လိုအပ်ပါက မီးစက်ပတ်လည်တွင် အသံလုံအဆောက်အဦနှင့်နံရံများကာရန်၊

(၆) မီးစက်များတွင် အရည်အသွေးမြင့် ချောဆီကိုအသုံးပြုရန်၊

(၇) ဆူညံသံသက်သာစေသော ကိရိယာများ (ဥပမာ- Silencers, Mufflers) ကို လေဝင်ပေါက်များ၊ ပန်ကာ၊ ကွန်ပရက်ဆာများ၏ထွက်ပေါက်များတွင် တပ်ဆင်ရန်၊

(၈) တုန်ခါမှုထွက်ရှိမှုလျော့နည်းစေရေးအတွက် မီးစက်များအား သတ်မှတ်ကာလအလိုက် ပြုပြင်ထိန်းသိမ်းခြင်းနှင့်စစ်ဆေးခြင်းတို့ကို ပုံမှန်ဆောင်ရွက်ရန်၊

(၉) Backup Generator Room အတွင်း အလုပ်လုပ်ရသောဝန်ထမ်းများအား နားကြပ်များ တပ်ဆင်ဆောင်ရွက်စေရန်နှင့် နားအကာအကွယ်ပစ္စည်းကဲ့သို့ PPEs များထောက်ပံ့ရန်၊

(၁၀) အသံဆူညံမှုမြင့်မားသည့်လုပ်ငန်းခွင်တွင် တာဝန်ကျသည့်လုပ်သားများကို အဆိုင်းများခွဲ၍ အလှည့်ကျအနားယူနိုင်ရေး စီမံဆောင်ရွက်ရန်၊

(၁၁) စီမံကိန်းတွင်ထုတ်လုပ်မှုလုပ်ငန်းအားဖြစ်နိုင်သမျှနေ့အချိန်တွင်သာ ဆောင်ရွက်ရန်၊

(၁၂) ကုန်ကြမ်းနှင့်ကုန်ချောများ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် လုပ်ငန်းလည်ပတ်စဉ် အသုံးပြုသည့် ယန္တရားများမှဆူညံသံနှင့် တုန်ခါမှုလျော့နည်းစေရေး အတွက် ပြုပြင် ထိန်းသိမ်းခြင်းနှင့်စစ်ဆေးခြင်းတို့ကို ပုံမှန်ပြုလုပ်ရန်၊

(၁၃) အသံဆူညံမှုနှင့်စပ်လျဉ်း၍ NEQEG ပါ သတ်မှတ်စံနှုန်းအတွင်းတွင်သာရှိစေရေး အလေးထားထိန်းသိမ်းရန်။

(စ) **လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်ရေးကာလတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။**

အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းများအား 3Rs (Reduce, Reuse, Recycle) စနစ်ကိုလက်တွေ့ကျင့်သုံးနိုင်မည့် စွန့်ပစ်ပစ္စည်းလျှော့ချရေးအစီအမံများ ရေးဆွဲအကောင်အထည်ဖော်ရန်၊

(၂) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စွန့်ပစ်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်မှုအား နာခံဆောင်ရွက်ရန်၊

(၃) ဗူးခွံများနှင့် ပလတ်စတစ်ကဲ့သို့စက်ရုံတွင် ပြန်လည်အသုံးမပြုတော့သည့် အမှိုက်များကို စက်ရုံပြင်ပရှိ မြို့နယ်စည်ပင်မှ ခွင့်ပြုထားသော အမှိုက်ပုံ သို့မဟုတ် အမှိုက်ပစ်သည့်နေရာ၌ စနစ်တကျစွန့်ပစ်ရန်နှင့် မစွန့်ပစ်မီ စက်ရုံအတွင်း ယာယီအမှိုက်စုပုံနေရာသတ်မှတ်၍ စနစ်တကျစုပုံထားရန်၊

(၄) အဆိုပါစွန့်ပစ်ပစ္စည်းများကို စက်ရုံအတွင်းနှင့် စက်ရုံပြင်ပ၌ လေဟာပြင် အမှိုက်မီးရှို့ခြင်းမပြုရေး တားမြစ်ရန်၊

(၅) စက်ရုံတွင် ပြန်လည်အသုံးပြုမည့် စွန့်ပစ်ပစ္စည်းများနှင့် ပြင်ပတွင်စွန့်ပစ်မည့် အမှိုက်များကို စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး စက်ရုံဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရန်၊

(၆) အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်ရေးအတွက် စက်ရုံအတွင်း မတူညီသော အမှိုက်ပုံးများထားရှိရန်နှင့် သတ်မှတ်ထားသောအမှိုက်ပုံးအတွင်း အမှိုက်စွန့်ပစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၇) ပလတ်စတစ်အိတ်ခွံကဲ့သို့ ပြန်လည်အသုံးပြုနိုင်သည့် စွန့်ပစ်ပစ္စည်းများကို သီးခြားစုဆောင်း၍ ပြန်လည်ရောင်းချခြင်းဆောင်ရွက်ရန်၊

(၈) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား အခြားစွန့်ပစ်ပစ္စည်းများနှင့်ခွဲခြား၍ စီမံကိန်းတွင် ယာယီသိမ်းဆည်းခြင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်၍ လမ်းညွှန်မှုနှင့်အညီစွန့်ပစ်ရန်၊

(၉) အိမ်သုံး စွန့်ပစ်အမှိုက်များအား မီးရှို့ဖျက်ဆီးခြင်းမပြုဘဲ သတ်မှတ် အမှိုက်ပုံသို့သွားရောက်စွန့်ပစ်ရန်။

(ဆ) **လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်ရေးကာလတွင် မီးဘေးအန္တရာယ် ကာကွယ်ရေး စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၁) စီမံကိန်း၏ ယာဉ်/ ယန္တရားနှင့် မီးစက်များအတွက် အသုံးပြုသည့် စက်ဆီ/ ချောဆီနှင့် လောင်စာဆီများ မတော်တဆယိုဖိတ်မှုမဖြစ်စေရေး စနစ်တကျ သိုလှောင်ရန်နှင့် ဖိတ်စင်မှုမရှိစေရေး ဂရုတစိုက်ကိုင်တွယ်အသုံးပြုရန်၊

(၂) စက်မောင်းဆီများအား သီးခြားသိုလှောင်ကန်များဖြင့် ထည့်သွင်းထားရှိပြီး မီးဘေး အန္တရာယ်မရှိစေရေး သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ စက်သုံးဆီ သိုလှောင်သည့်နေရာအား တည်ဆောက်ရန်၊

(၃) စက်သုံးဆီဂိုထောင်အတွင်း မီးသတ်ဦးစီးဌာနကသတ်မှတ်ထားသည့် မီးသတ် ဆေးဗူးနှင့် အခြားမီးသတ်ပစ္စည်းများအား ပြည့်ပြည့်စုံစုံထားရှိရန်၊

(၄) မီးငြိမ်းသတ်ခြင်းနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းအစီအစဉ်နှင့် မီးသတ် စီမံချက်ကို စက်ရုံအတွက် ကြိုတင်ရေးဆွဲထားရန်၊

(၅) နိုင်ငံတကာအလေ့အကျင့်ကောင်းများနှင့်အညီ မီးလောင်လွယ်/ ပေါက်ကွဲနိုင် သော စက်သုံးဆီ၊ ဓာတ်ငွေ့များအားလုံးကို စနစ်တကျ လုံခြုံစွာ သိမ်းဆည်း ရန်၊

(၆) မီးငြိမ်းသတ်ရေးနှင့် ဘေးလွတ်ရာရွှေ့ပြောင်းရေး အစီအစဉ်ကို ရေးဆွဲထား ရန်နှင့် စက်ရုံဝန်ထမ်းများ မီးဘေးအန္တရာယ် ရုတ်တရက်ကြုံတွေ့ရပါက အသင့်ဖြစ်နေစေရေး မီးသတ်ဦးစီးဌာန၏ လေ့ကျင့်သင်ကြားပေးမှုအတိုင်း မီးဘေးအန္တရာယ် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း (Fire Drill) ဆိုင်ရာစီမံချက် ရေးဆွဲထားရှိရန်။

(ဇ) **လုပ်ငန်းတည်ဆောက်ရေးနှင့်လည်ပတ်ရေးကာလတွင် ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု အစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်း ခြံစည်းရိုးတစ်လျှောက်နှင့် စက်ရုံဝန်းအတွင်း ရှင်သန်နေသည့် သစ်ပင်များကို စနစ်တကျ ပြုစုပျိုးထောင်ရန်၊

(၂) စက်ရုံခြံစည်းရိုးများတွင် ဒေသခံငှက်မျိုးရင်းများ နားခိုနိုင်ရန်သစ်ပင်များ စိုက်ပျိုးရန်နှင့်စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်အောင်ပြုစုထိန်းသိမ်းစောင့်ရှောက်ရန်။

(ဈ) **လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်ရေးကာလတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံမှ ရေးဆွဲထားသည့် လုပ်ငန်းခွင်ဘေးကင်းရေး အစီအစဉ်များအတိုင်း Operator များက လိုက်နာဆောင်ရွက်မှု ရှိ/ မရှိ စစ်ဆေးကြပ်မတ်ရန်၊

(၂) ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းများအား လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးသင်တန်းများပေး၍ စနစ်တကျလေ့ကျင့် သင်ကြားပေးပြီးမှ လုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်စေရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနှင့် ဘေးအန္တရာယ်ဖြစ်ပေါ်မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်၊

(၃) ယာဉ်/ ယန္တရားများ ကိုင်တွယ်အသုံးပြုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ စက်ဆီ/ ချောဆီ နှင့် လောင်စာဆီများ ကိုင်တွယ်အသုံးပြုခြင်းနှင့် သိုလှောင်ခြင်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားသောစွန့်ပစ်ပစ္စည်းများအား ကိုင်တွယ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာ သင်တန်းများကို သက်ဆိုင်ရာဝန်ထမ်းများအား ပေးအပ်သင်ကြားခြင်းနှင့် စနစ်တကျ လုပ်ငန်းဆောင်ရွက်စေရေးကြီးကြပ်ရန်၊

(၄) လုပ်သားများအား လုပ်ငန်းခွင်ကျွမ်းကျင်ရေးဆိုင်ရာ လိုအပ်သည့်သင်တန်းများ ပို့ချပေးရန်၊

(၅) စီမံကိန်းအတွင်းရှိလုပ်သားများအားသင့်လျော်သည့် လုပ်ငန်းခွင်သုံးတစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ လုံလောက်စွာထောက်ပံ့ပေးရန်၊ ပုံမှန်စစ်ဆေးရန်နှင့် ပျက်စီးနေသော သို့မဟုတ် သက်တမ်းကုန်ဆုံးသွားသော ကာကွယ်ရေးပစ္စည်းများအား အသစ်ပြန်လည်လဲလှယ်ပေးရန်၊

(၆) လုပ်ငန်းခွင်တွင် မတော်တဆထိခိုက်မှုများအတွက် ရှေးဦးသူနာပြု ဆေးသေတ္တာ (First Aid Kit) ထားရှိပြီး ဆေးအလုံအလောက်ပံ့ပိုးပေး ရန်၊

(၇) လက်အိတ်၊ နှာခေါင်းစည်း၊ ရင်စည်းကဲ့သို့သော (Personal Protective Equipment-PPE)များပံ့ပိုးခြင်းနှင့် ပူပြင်းသည့်ရာသီတွင် ဓာတ်ဆားဖျော်ရည် များ အခမဲ့တိုက်ကျွေးရန်၊

(၈) အသံဆူညံမှုကြောင့် စိမ်ကိန်းပြင်ပသို့ သက်ရောက်မှုမရှိစေရေး ကုန်ထုတ် သည့် စက်ရုံအဆောက်အဦအား အသံလုံအောင်တည်ဆောက်ရန်၊

(၉) Soundproof type အမျိုးအစား မီးစက်အား အသုံးပြုရန်နှင့် လိုအပ်ပါက မီးစက် ပတ်လည်တွင် အသံလုံအဆောက်အဦနှင့် နံရံများကာရန်၊

(၁၀) အသံဆူညံမှုရှိသော လုပ်ငန်းခွင်ရှိလုပ်သားများသို့ နားအကာအကွယ်ပစ္စည်း ကဲ့သို့ PPEs များ ထောက်ပံ့ရန်၊

(၁၁) အသံဆူညံမှုလျှော့ချနိုင်ရေး စက်ပစ္စည်းကိရိယာများအား ပုံမှန်ကြံခိုင်ရေး စစ်ဆေးရန်၊

(၁၂) ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူး ခြင်းဆိုင်ရာ လုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်ရသောဝန်ထမ်းများအား သင်တန်းများပေး၍ စနစ်တကျ လေ့ကျင့်မှုများပြုလုပ်ပြီး ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးနှင့်ဘေးအန္တရာယ်ဖြစ်ပေါ်မှုမရှိစေရေး ဂရုပြုဆောင်ရွက် ရန်၊

(၁၃) စက်ရုံဝန်ထမ်းနှင့် လုပ်သားများ၏ကျန်းမာရေးအား(၁)နှစ်တစ်ကြိမ် စစ်ဆေး ပေးရန်။

(ည) **လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်ရေးကာလတွင် ဒေသခံအလုပ်အကိုင် အခွင့် အလမ်း။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး စက်ရုံမှဒေသခံ များကို ဦးစားပေးခန့်ထားရန်၊

(၂) ဒေသခံပြည်သူများ၏ ကျွမ်းကျင်မှုနှင့်အရည်အချင်းအလိုက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြင့်လာစေရေး သင်တန်းများဖွင့်လှစ်ရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးစီမံခန့်ခွဲမှုတွင် PM 10, PH 2.5, SO2, NO2, CO, O3 , TSP, VOC, H2S, Temp, RH အား(၆)လလျှင် (၁) ကြိမ်တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၂) ရေအရည်အသွေးတွင် မြစ်ရေမှ pH, Conductivity, Turbidity, DO, TDS, Temp, ORP, COD, TP, TN, Fe အား (၆) လလျှင် (၁) ကြိမ်တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၃) ဆူညံသံနှင့် တုန်ခါမှုအား (၆) လလျှင် (၁) ကြိမ်တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၄) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်မရှိစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအား တစ်ပတ်လျှင်တစ်ကြိမ် ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းခွင်ရှိ ဝန်ထမ်းများအား နေ့စဉ် ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရန်၊

(၆) မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုအတွက် (၆) လလျှင် တစ်ကြိမ် စစ်ဆေးဆောင်ရွက်ရန်။

(၅) **ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်အတွက် ခန့်မှန်းရန်ပုံငွေလျာထားချက်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် ၅,၀၀၀,၀၀၀ သုံးစွဲရန်၊

(၂) မြေအောက်ရေအရည်အသွေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် ၃,၀၀၀,၀၀၀ သုံးစွဲရန်၊

(၃) ဆူညံသံနှင့် တုန်ခါမှု စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် ၂,၀၀၀,၀၀၀ သုံးစွဲရန်၊

(၄) မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် ၅,၀၀၀,၀၀၀ သုံးစွဲရန်၊

(၅) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်မရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် ၃,၆၀၀,၀၀၀ သုံးစွဲရန်၊

(၆) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် ၅,၀၀၀,၀၀၀ သုံးစွဲရန်၊

(၇) အရေးပေါ်တုံ့ပြန်မှုစီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် ၃,၀၀၀,၀၀၀ သုံးစွဲရန်။

(၃) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် ခန့်မှန်းရန်ပုံငွေလျာထားချက်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် ၂,၀၀၀,၀၀၀ သုံးစွဲရန်၊

(၂) မြေအောက်ရေအရည်အသွေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ် လျှင် ကျပ် ၄၀၀,၀၀၀ သုံးစွဲရန်၊

(၃) ဆူညံသံနှင့် တုန်ခါမှု စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှပ် ကျပ် ၆၀၀,၀၀၀ သုံးစွဲရန်၊

(၄) မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ် လျှင် ကျပ် ၁,၂၀၀,၀၀၀ သုံးစွဲရန်၊

(၅) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်မရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် ၁,၂၀၀,၀၀၀ သုံးစွဲရန်၊

(၆) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် ၂,၄၀၀,၀၀၀ သုံးစွဲရန်၊

(၇) အရေးပေါ်တုံ့ပြန်မှုစီမံခန့်ခွဲမှုအတွက် ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် ၁,၀၀၀,၀၀၀ သုံးစွဲရန်။

(ဃ) **လူမှုရေးဆိုင်ရာတာဝန်ယူမှု အစီအစဉ် (CSR)။** အခွန်ဆောင်ပြီး အသားတင်အမြတ်ငွေ၏ (၂) ရာခိုင်နှုန်းအား အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပညာရေး ကဏ္ဍ (၂၅%)၊

(၂) ကျန်းမာရေး ကဏ္ဍ (၂၅%)၊

(၃) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ (၂၅%)၊

(၄) အရေးပေါ်အခြေအနေနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ (၂၅%)။

(င) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းဧရိယာအတွင်း ရှားပါးမျိုးစိတ်များ၊ တိရစ္ဆာန်များတွေ့ရှိပါက သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ဘေးကင်းသော နေရာတွင် ပြောင်းရွှေ့ဆောင်ရွက်ရမည်။

(တ) **မတော်တဆထိခိုက်မှုစီမံခန့်ခွဲမှုအစီအစဉ်။** စက်ယန္တရားများအသုံးပြု ဆောင်ရွက်ခြင်းမှ ဝန်ထမ်းများထိခိုက်မှုမရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရမည်။

(ထ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဒ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဓ) **လုပ်ငန်းပိတ်သိမ်းခြင်း။** လုပ်ငန်းပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စသည့်ဌာနများသို့ ပိတ်သိမ်းခြင်းမဆောင်ရွက်မီ တစ်လကြိုတင်၍ပိတ်သိမ်းမည့်အစီအစဉ်ကိုတင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈ - ၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ

ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းလုပ်ငန်းလည်ပတ်ရာမှ အနံ့ဆိုးထွက်ရှိမှုနှင့်စပ်လျဉ်း၍ အနံ့ယူနစ် ၅ မှ ၁၀ အတွင်းရှိစေရေးစီမံဆောင်ရွက်ရန်၊

(၃) စီမံကိန်းမှထွက်ရှိလာမည့် ဓာတုဗေဒစွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာဌာနမှသတ်မှတ်ထားသည့် နေရာတွင် စနစ်တကျထုတ်ပိုး၍ စွန့်ပစ်ရန်နှင့် လေဟာပြင် မီးရှို့မှုပပျောက်စေရေး ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊အနံ့အသက်ဆိုးများထွက်ရှိမှု လျော့နည်းစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုလျော့နည်းစေရေး ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် ပုံမှန်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းမှထွက်ရှိလာသည့် စွန့်ပစ်ရေ၊ လေထုညစ်ညမ်းမှုအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အပိုဒ် ၂.၃.၁.၆ အသီးအရွက်မှ စားသုံးဆီထုတ်လုပ်ခြင်းလုပ်ငန်း၏

စွန့်ထုတ်အရည်၊ ထုတ်လွှတ်အခိုးအငွေ့အဆင့် သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **အထွေထွေစည်းကမ်းသတ်မှတ်ချက်များ။** အထွေထွေစည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေပဲအခွံချွတ်ရာတွင် ဖုန်မှုန့်များထွက်ရှိလာပါက ဝန်ထမ်းများ၏ ကျန်းမာရေးထိခိုက်မှု မရှိစေရေးအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေး ပစ္စည်းများ ဝတ်ဆင်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) ပဲမျိုးစုံသန့်စင်ရာတွင် ဖုန်မှုန့်များ ဘေးပတ်ဝန်းကျင်သို့ ပျံ့လွင့်မှုမရှိစေရေး နည်းပညာဖြင့် စက်ပစ္စည်းများအသုံးပြု ဆောင်ရွက်ရန်နှင့် ရေဖျန်းခြင်း ဆောင်ရွက်ရန်၊

(၃) စီမံကိန်းတွင် ပိုးသတ်မှိုင်းတိုက်ခြင်း (Fumigation) သို့မဟုတ် ပိုးမွှားထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်ပါက ပိုးသတ်မှိုင်းတိုက်ခြင်းအတွက် သက်ဆိုင်ရာ ဆက်စပ်ဌာနများ၏ လိုင်စင်ခွင့်ပြုမိန့်၊ လုပ်ထုံးလုပ်နည်းများ ( Standard Operating Procedures- SOPs) နှင့်အညီ အလေးထားလိုက်နာဆောင်ရွက်ရန်၊

(၄) မြေပဲအခွံချွတ်ခြင်း၊ ဆီစက် ဆောင်ရွက်ခြင်း၊ ပဲမျိုးစုံ သန့်စင်ခြင်းတို့မှလည်းကောင်း၊ လောင်စာဆီသိုလှောင်အသုံးပြုခြင်းကြောင့်လည်းကောင်း၊ နွေရာသီတွင် ပူပြင်းခြောက်သွေ့မှုကြောင့်လည်းကောင်း မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးနှင့် ဖြစ်ပွားပါကပစ္စည်းကိရိယာများ အသင့်ထားရှိဆောင်ရွက်ရန်၊

(၅) ယင်းစီမံကိန်း၏ မြေယာပြုပြင်ခြင်းမှ အနီးရှိမြေကေများအပေါ် သက်ရောက်မှုလျော့နည်းစေရေး စနစ်တကျစီမံခန့်ခွဲရန်။

(ဃ) **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စည်းကမ်းချက်များ။**သဘာဝဘေးအန္တရာယ် ဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေး Emergency Respond Plans များ ရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၂) လျှော့ဘေးအန္တရာယ်နှင့် ပတ်သက်၍ ဝန်ထမ်းများအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ ဓာတ်တိုက်လေ့ကျင့်ပေးခြင်းနှင့် ဘေးအန္တရာယ် ဖြစ်ပွားပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မည့် အစီအမံများ ရေးဆွဲထားရှိ၍ လိုက်နာဆောင်ရွက်ရန်၊

(၃) မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံကိန်းဧရိယာနှင့် အနီးဝန်းကျင်တွင် မီးတားလမ်းများ ဖောက်လုပ်ထားရှိခြင်း၊ မီးသတ်ဆေးဗူး၊ မီးသတ်ပိုက်များ လုံလောက်စွာ ထားရှိခြင်း၊ မီးသတ်ကန်များတည်ဆောက်ထားရှိ၍ မြို့နယ်မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အလေးထား လိုက်နာဆောင်ရွက်ရန်။

(င) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအနီးတစ်ဝိုက်ရှိ ဒေသမျိုးရင်းသစ်ပင်များကို စီမံကိန်းဧရိယာပတ်လည်တွင် ပြန်လည်စိုက်ပျိုး၍ စီမံကိန်းဧရိယာတစ်ဝိုက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ရန်။

(စ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဆ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်ကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၂) စီမံကိန်းအနီးပတ်ဝန်းကျင်ဧရိယာအတွင်း အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအတွက် ပံ့ပိုးဆောင်ရွက်မည့် Community Development Plan နှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းတာဝန်ယူမှုအစီအစဉ် (Corporate Social Responsibility-CSR) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ (Stakeholders)နှင့် စဉ်ဆက်မပြတ်တွေ့ဆုံ ဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ် ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာန သို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြ ရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြ ရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက် ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(၅၂) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့်ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော် ကြေညာရမည်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည်သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင်ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများ

အပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီအစဉ်ပါ ကတိ ကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင် ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိ ကဝတ် အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများသို့မဟုတ်စီမံကိန်းနှင့်ဆက်စပ် သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင် နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊

မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဎ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ တစ်ဖက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး

(၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) ကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို မူလ အတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည်မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင် ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အကြံပြုချက်ဖြင့် သတ်မှတ်တောင်းခံပါကထည့်ဝင်ရန်၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၁ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---